


# ဂျပန်နိုင်ငံ၏ လမ်းညွှန်များ၊ လမ်းအမှတ်အသားများကို လိုက်နာကြပါစို့ (1)

| | | | |
|---|---|---|---|
|  | လူများရော ယာဉ်များပါ<br>ရပ်တန့်ရပါမည်။ လက်ဝဲ၊ လက်ယာ<br>ကွေ့၍ မရပါ။ |   | ဤလမ်းညွှန်များရှိသည့်<br>နေရာများတွင် ခေတ္တရပ်တန့်ရပါမည်။ |
|  | မီးနီဖြစ်သော်လည်း<br>မြားဦးတည်ရာအတိုင်း<br>ဆက်သွားနိုင်ပါသည်။ |   | |
|  | ယာဉ်များ ဖြတ်သန်းသွားလာခြင်း<br>မပြုရပါ။<br>* ယာဉ်ထဲတွင် စက်ဘီးလည်း<br>အပါအဝင်ဖြစ်ပါသည်။ |   | ဤလမ်းညွှန်းရှိသည့်နေရာများတွင်<br>အမြန်နှုန်းလျှော့၍ မောင်းနှင်ရပါမည်။<br>* အမြန်နှုန်းကန့်သတ်ချက်မှာ 10km/h<br>နှင့်အောက်ဖြစ်ပြီး<br>ချက်ချင်းရပ်တန့်နိုင်သည့်<br>အမြန်နှုန်းဖြစ်ပါသည်။ |
|  | နှစ်ဘီးတပ်ယာဉ်မှအပ<br>အခြားမော်တော်ယာဉ်များ<br>ဖြတ်သန်းသွားလာခြင်း မပြုရပါ။ |   | |
|  | အကြီးစား ကုန်တင်ယာဉ် စသည်တို့<br>ဖြတ်သန်းသွားလာခြင်း မပြုရပါ။ |   | ကိန်းဂဏန်းဖြင့်ဖော်ပြထားသည့်<br>အမြန်နှုန်းအထိသာ မောင်းနှင်ရပါမည်။ |
|  | ဤလမ်းသည် မော်တော်ကားများ<br>အတွက်သာဖြစ်ပြီး<br>ခြေကျင်လမ်းအသုံးပြုသူများနှင့်<br>စက်ဘီးများ၊ စကူတာယာဉ်များ<br>စသည်တို့ ဖြတ်သန်းသွားလာခြင်း<br>မပြုရပါ။ |   | |
|  | ဤလမ်းသည်<br>ခြေကျင်လမ်းအသုံးပြုသူများနှင့်<br>စက်ဘီးများအတွက်သာဖြစ်ပြီး<br>အခြားယာဉ်များ<br>ဖြတ်သန်းသွားလာခြင်းမပြုရပါ။ |  | လူကူးမျဉ်းကြားတွင်<br>ခြေကျင်လမ်းအသုံးပြုသူများ<br>လမ်းဖြတ်ကူးနေပါက ခေတ္တရပ်တန့်ပြီး<br>လမ်းဦးစားပေးရပါမည်။ |
|  | ဤလမ်းသည်<br>ခြေကျင်လမ်းအသုံးပြုသူများ<br>အတွက်သာဖြစ်ပြီး ယာဉ်များ<br>ဖြတ်သန်းသွားလာခြင်း မပြုရပါ။ |  | |

警 察 庁 ・ 都 道 府 県 警 察
National Police Agency · Prefectural Police


# ဂျပန်နိုင်ငံ၏ လမ်းညွှန်များ၊ လမ်းအမှတ်အသားများကို လိုက်နာကြပါစို့ (2)

| | | | |
|---|---|---|---|
|  | တစ်လမ်းမောင်းလမ်းယာဉ်ကြော၌<br>မြားဦးတည်ရာဘက်သို့သာ<br>ဆက်သွားနိုင်ပါသည်။ |  | မြားဦးတည်ရာဘက်အတိုင်းသာ<br>ယာဉ်များ ဆက်လက်<br>သွားလာနိုင်ပါသည်။ |
|  | ဤလမ်းညွှန်းရှိသည့် ဦးတည်ရာဘက်မှ<br>ရှေ့ဆက်သွား၍မရပါ။ |  | လမ်းဆုံတွင် ဆက်သွားမည့်<br>ဦးတည်ရာအလိုက်<br>သတ်မှတ်ထားသော<br>သီးသန့်ယာဉ်ကြောမှ<br>မောင်းနှင်ရပါမည်။ |
|  | “ဂ” ကွေ့မကွေ့ရပါ။ |  | |
|  | |   | သတ်မှတ်ထားသော ယာဉ်များသာ<br>အသုံးပြုနိုင်သည့် သီးသန့်ယာဉ်ကြော<br>ဖြစ်ပါသည်။ |
|  | ရှေ့မှသွားနေသည့်ယာဉ်ကို<br>ကျော်တက်မည့်အခါ မျဉ်းဝါ၏ပြင်ပသို့<br>ကျော်ထွက်သွားခြင်း မပြုရပါ။ |   | |
|  | |  | ရှေ့တွင် ရထားလမ်းကူး ရှိပါသည်။ |
|  | ရပ်နားခြင်း၊ ရပ်တန့်ခြင်း မပြုရပါ။ |  | အနီးအနား၌ ကျောင်းစသည်တို့ ရှိပြီး<br>ကလေးများ မကြာခဏ<br>ဖြတ်သန်းသွားလာသည့်<br>လမ်းဖြစ်ပါသည်။ |
|  | ရပ်နားခြင်းမပြုရပါ။ |  | ရှေ့တွင်လမ်းဆုံရှိသည်။ |

警 察 庁 ・ 都 道 府 県 警 察
National Police Agency · Prefectural Police

# စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာပြီး ဂျပန်နိုင်ငံ၌ ဘေးကင်းစွာ မောင်းနှင်ကြပါစို့ (1)

## (1) လက်ဝဲကပ်မောင်းခြင်း



★ ဂျပန်နိုင်ငံသည် လက်ဝဲကပ်မောင်းစနစ် ဖြစ်ပါသည်။ ယခုအချိန်အထိ လက်ယာကပ်မောင်းစနစ် နိုင်ငံများ၌ ယာဉ်မောင်းခဲ့သူများသည် လမ်းဆုံ၌ ကွေ့သည့်အခါ စသည်တို့တွင် လက်ယာဘက်သို့ ကပ်ပြီး မောင်းနှင်မိခြင်း ရှိတတ်သည့်အတွက် သတိပြုပါ။

★ လမ်း၏ လက်ယာဘက်ခြမ်းမှ မောင်းနှင်မည် ဆိုပါက ယာဉ်စည်းကမ်းချိုးဖောက်မှု၊ မတော်တဆမှုတို့ ဖြစ်ပွားနိုင်ပြီး အန္တရာယ်များပါသည်။

## (2) ယာဉ်မတော်တဆမှုဖြစ်ပွားပါက ရဲကို မပျက်မကွက် အကြောင်းကြားပါ

★ ယာဉ်မတော်တဆမှုဖြစ်ပွားပါက ထိခိုက်ဒဏ်ရာရသူမရှိသော်လည်း ရဲ(110) ကို မပျက်မကွက် အကြောင်းကြားပါ။ ထိခိုက်ဒဏ်ရာရသူ ရှိပါက အရေးပေါ်ကား (119) တောင်းခံပြီး ရဲ (110) ကို အကြောင်းကြားပါ။

★ ထိခိုက်ဒဏ်ရာရသူကို ကယ်ဆယ်ရန်မလုပ်ခြင်း၊ ရဲကို အကြောင်းမကြားခြင်း တို့ရှိပါက ကြီးလေးသောပြစ်ဒဏ်များ ချမှတ်ခြင်းအပြင် ယာဉ်မောင်းလိုင်စင် ဖျက်သိမ်းခြင်းကဲ့သို့သော ပြင်းထန်သည့်အရေးယူမှုများ ခံရမည်ဖြစ်ပါသည်။



## (3) အရက်သောက်ပြီး ယာဉ်မောင်းနှင်ခြင်းမပြုရ

★ အရက်သောက်ထားသည့်အခါ ယာဉ်မမောင်းရပါ။ ကြီးလေးသောပြစ်ဒဏ်အပြင် ယာဉ်မောင်းလိုင်စင်ဖျက်သိမ်းခြင်းကဲ့သို့သော ပြင်းထန်သည့် အရေးယူမှုများ ခံရမည်ဖြစ်ပါသည်။


★ အရက်သောက်ပြီးယာဉ်မောင်းခြင်း ပြုနိုင်သည့်သူများအား ယာဉ်မပေးရပါ။ ထို့အပြင် အရက်သောက်ထားသူအား ယာဉ်မောင်းပေးရန် တောင်းဆိုခြင်း သို့မဟုတ် ညွှန်ကြားခြင်းပြုလုပ်ပြီး အရက်သောက်ပြီးမောင်းနှင်သောယာဉ်ထဲ၌ အတူလိုက်ပါ စီးနင်းခြင်း မပြုရပါ။ ၎င်းတို့ကို ချိုးဖောက်ပါက ကြီးလေးသော ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်ပါသည်။



အရက်နာကျနေပါကလည်း ယာဉ်မမောင်းရပါ!

## (4) ရထားလမ်းကူးများ၌ ခေတ္တရပ်တန့်ခြင်း

★ ရထားလမ်းကူး၌ သတိပေးခေါင်းလောင်း စက်အသံမမြည်သော်လည်း ခေတ္တရပ်တန့်ပြီး ရထားလာနေခြင်း ရှိမရှိ အတည်ပြုပြီးမှ ဖြတ်ကူးပါ။



## (5) ခြေကျင်လမ်းအသုံးပြုသူများအား ဦးစားပေးခြင်း

★ ဂျပန်နိုင်ငံတွင် ခြေကျင်လမ်းအသုံးပြုသူ များသည် ပထမဦးစားပေး ဖြစ်ပါသည်။ လူကူးမျဉ်းကြားနှင့် လမ်းဆုံများ၌ လမ်းဖြတ်ကူးရန်လုပ်နေသည့် ခြေကျင်လမ်းအသုံးပြုသူရှိပါက ခေတ္တရပ်တန့်ပြီး လမ်းဆက်သွားနိုင်စေရန် ဦးစားပေးပါ။



## (6) လမ်းဆုံများ၌ အထူးသတိပြုခြင်း

★ လမ်းဆုံများတွင် “(1)ခြေကျင်လမ်းအသုံးပြုသူ ဦးစားပေးရပါမည်” “(2) လက်ယာဘက်သို့ကွေ့မည့်အခါ တည့်တည့်လာသောယာဉ်နှင့် လက်ဝဲဘက်သို့ကွေ့မည့်ယာဉ်တို့ကို ဦးစားပေးရပါမည်”

★ လူကူးမျဉ်းကြားမှဖြတ်ကူးနေသည့် ခြေကျင်လမ်းအသုံးပြုသူ သို့မဟုတ် ဖြတ်ကူးရန်လုပ်နေသော ခြေကျင်လမ်းအသုံးပြုသူတို့ရှိပါက “ခေတ္တရပ်တန့်” ပေးရပါမည်။




## (7) မိုဘိုင်းဖုန်း မသုံးရ



★ ယာဉ်များကို မောင်းနှင်နေစဉ်အတွင်း အရေးပေါ်အချိန်မှအပ ကျန်အချိန်များတွင် မိုဘိုင်းဖုန်းသုံးပြီး စကားပြောခြင်း၊ ဖုန်းစခရင်ကို အာရုံစိုက်နေခြင်း စသည်ဖြင့် အသုံးပြုခြင်း မပြုရပါ။

## (8) လမ်းညွှန်းများ၏အဓိပ္ပာယ်ကို မှန်ကန်စွာ နားလည်ခြင်း

ဂျပန်နိုင်ငံတွင် သင့်ဇာတိနိုင်ငံနှင့်မတူသော ယာဉ်စည်းကမ်းလမ်းစည်းကမ်းများနှင့် လမ်းညွှန်းများ ရှိပါသည်။




★ ဤလမ်းညွှန်းရှိသော နေရာများတွင် မပျက်မကွက် ခေတ္တရပ်တန့်ပြီး ဘယ်ညာ ဘေးကင်းမှုရှိမရှိ အတည်ပြုခြင်း

**လိုင်စင်၌ သက်တမ်းကာလ ရှိပါသည်။ မမေ့မလျော့ သက်တမ်းတိုးပါ။**



# စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာပြီး ဂျပန်နိုင်ငံ၌ ဘေးကင်းစွာ မောင်းနှင်ကြပါစို့ (2)

## (9) မိမိမောင်းခွင့်ရှိသည့် ယာဉ်အမျိုးအစားများနှင့်ပတ်သက်ပြီး သိမြင်အောင်လုပ်ပါ

★ သင်မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစားများသည် သင့်ဇာတိနိုင်ငံမှ ယာဉ်မောင်းလိုင်စင်ဖြင့် မတူပါ။
★ မောင်းနှင်ခွင့်ရှိသည့် ယာဉ်ကို အတည်ပြုပြီးမှ မောင်းနှင်ပါ။

| | |
|---|---|
| သာမန်ယာဉ် | သတ်မှတ်ဦးရေ 10 ဦးနှင့်အောက်<br>ယာဉ်၏စုစုပေါင်းအလေးချိန် 3,500kg မပြည့်<br>အများဆုံးတင်နိုင်သည့်ပမာဏ 2,000kg မပြည့် |
| တစ်ပိုင်းတစ်စ အလတ်စားယာဉ် | သတ်မှတ်ဦးရေ 10 ဦးနှင့်အောက်<br>ယာဉ်၏စုစုပေါင်းအလေးချိန် 7,500kg မပြည့်<br>အများဆုံးတင်နိုင်သည့်ပမာဏ 4,500kg မပြည့် |
| အလတ်စား ယာဉ် | သတ်မှတ်ဦးရေ 29 ဦးနှင့်အောက်<br>ယာဉ်၏စုစုပေါင်းအလေးချိန် 11,000kg မပြည့်<br>အများဆုံးတင်နိုင်သည့်ပမာဏ 6,500kg မပြည့် |
| အကြီးစားယာဉ် | သတ်မှတ်ဦးရေ 30 ဦးနှင့်အထက်<br>ယာဉ်၏စုစုပေါင်းအလေးချိန် 11,000kg နှင့်အထက်<br>အများဆုံးတင်နိုင်သည့်ပမာဏ 6,500kg နှင့်အထက် |
| အကြီးစား မော်တော်ဆိုင်ကယ် | သတ်မှတ်ဦးရေ 2 ဦးနှင့်အောက်<br>ဓာတ်ငွေ့စွန့်ထုတ်မှုပမာဏ 400cc ကို ကျော်လွန် သို့မဟုတ်<br>စွမ်းအင်ထုတ်လွှတ်မှု 20kW ကို ကျော်လွန် |
| သာမန်မော်တော် ဆိုင်ကယ် | သတ်မှတ်ဦးရေ 2 ဦးနှင့်အောက်<br>ဓာတ်ငွေ့စွန့်ထုတ်မှုပမာဏ 400cc နှင့်အောက် သို့မဟုတ်<br>စွမ်းအင်ထုတ်လွှတ်မှု 20kW နှင့်အောက် |
| ယာဉ်ဖြင့်ဆွဲခြင်း | ယာဉ်၏စုစုပေါင်းအလေးချိန်သည် 750kg ကို ကျော်လွန်သည့် နောက်တွဲယာဉ် |

*တင်ဆောင်နိုင်သည့် ဝန်ပမာဏနှင့် သတ်မှတ်လူဦးရေတို့ကို ယာဉ်စစ်ဆေးရေးလက်မှတ်ဖြင့် အတည်ပြုပြီး တင်ဆောင်နိုင်ခြင်း ရှိမရှိကို အတည်ပြုပြီးမှ မောင်းနှင်ပါ။

* မူအားဖြင့် လိုင်စင်ရပြီးနောက် 1 နှစ်အတွင်း (အမြန်လမ်းဖြစ်ပါက 3 နှစ်) တွင် လူနှစ်ဦးဖြင့် စီးနင်းခွင့်မရှိပါ။











### ★ဘတ်စ်ကား၊ တက္ကစီမောင်းနှင်ခြင်းနှင့်ပတ်သက်၍

- ဘတ်စ်ကားနှင့် တက္ကစီတို့ကို မောင်းနှင် (ငွေကြေးရယူပြီး လူသယ်ဆောင်ခြင်း) ရန်အတွက် သီးခြားအနေဖြင့် “နံပါတ် 2 အမျိုးအစား လိုင်စင်” လိုအပ်ပါသည်။
- သင်မောင်းနှင်မည့် မော်တော်ယာဉ်အမျိုးအစား အလိုက် “နံပါတ် 2 အမျိုးအစား လိုင်စင်” လိုအပ်ပါသည်။
- ထို့အပြင် အလုပ်တစ်ခုအနေဖြင့် လူသယ်ဆောင်မည့်အခါ နံပါတ် 2 အမျိုးအစား လိုင်စင်အပြင် သယ်ယူပို့ဆောင်ရေး ဦးစီးဌာန၏ ခွင့်ပြုချက် လိုအပ်ပါသည်။




## (10) တင်ဆောင်နိုင်သောဝန်၏ အရွယ်အစား၊ ဝန်တင်ပုံတင်နည်းတို့နှင့်ပတ်သက်ပြီး အတည်ပြုပါ




★ခွင့်ပြုချက်လိုအပ်★

**ရှေ့နောက်**
ဝန်သည် မော်တော်ယာဉ်၏ ရှေ့နောက်၌ ယာဉ်ကိုယ်ထည်အရှည်၏ 10 ပုံ 1 ပုံ ထက် ပို၍ ကျော်ထွက်နေသည့်အခါ

**ဝဲယာ**
ဝန်သည် မော်တော်ယာဉ်၏ ဝဲယာ၌ ယာဉ်ကိုယ်ထည် အကျယ်၏ 10 ပုံ 1 ပုံ ထက်ပို၍ ကျော်ထွက်နေသည့်အခါ

**အရှည်**
ဝန်၏အရှည်သည် မော်တော်ယာဉ် အရှည်တွင် ယာဉ်အရှည်၏ 10 ပုံ 2 ပုံကို ပေါင်းထားသည့် တန်ဖိုးကို ကျော်လွန်နေသောအခါ

**အကျယ်**
ဝန်၏အကျယ်သည် မော်တော်ယာဉ် အကျယ်တွင် ယာဉ်အကျယ်၏ 10 ပုံ 2 ပုံကို ပေါင်းထားသည့် တန်ဖိုးကို ကျော်လွန်နေသောအခါ

**အမြင့်**
မြေမျက်နှာပြင်မှစ၍ ဝန်၏အပေါ်အထိ 3.8 မီတာ (အပေါ့စား မော်တော်ယာဉ်နှင့် သုံးဘီးများတွင် 2.5 မီတာ) ကို ကျော်လွန်နေသည့်အခါ

★ ကုန်တင်ကားများပေါ်သို့ ဝန်တင်ဆောင်သည့်အခါ အဆိုပါဝန်၏ အရွယ်အစားနှင့် ဝန်တင်ပုံ တင်နည်းတို့၌ ကန့်သတ်ချက် ရှိပါသည်။

★ ဝန်ဆိုသည်မှာ ခွဲခြားပိုင်းထုတ်၍မရသောအရာ ဖြစ်သည့်အတွက် ဝန်၏အလေးချိန်၊ အရွယ်အစားနှင့် တင်ပုံတင်နည်းတို့သည် ကန့်သတ်ချက်များကို ကျော်လွန်နေသည့်အခါ ကန့်သတ်ချက်ကျော်လွန်တင်ဆောင်ပြီး ယာဉ်မောင်းနှင်မည့်သူသည် ယာဉ်စတင်ထွက်ခွာမည့်ဒေသရှိ သက်ဆိုင်ရာ ရဲစခန်းမှူးထံမှ ခွင့်ပြုချက်တောင်းခံရန် လိုအပ်ပါသည်။



**ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုနှင့် ယာဉ်မတော်တဆမှုတို့အတွက် ပြစ်ဒဏ်ရှိပါသည်။**